## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၁၂)
# အမြဲတမ်းရှိနေသောကယ်တင်ရှင်

စကော့(တ်)လူငယ်တစ်ဦးသည် မြက်ခင်းပြင်တစ်နေရာတွင် ညအချိန်မျက်စိလည်သွားပါသည်။ ဘုရားသခင်သည် သူ့အားပီတာဟုခေါ်သောအခါ ဖြုန်းခနဲမရပ်ဘဲ ဒုတိယအကြိမ်ထပ်၍ ပီတာဟုခေါ်သောအခါ ဖြုန်းခနဲရပ်၍ မြေသို့ငုံ့၍ ကြည့်သောအခါ ကျောက်တွင်းကြီးထဲသို့ကျရန် ခြေတစ်လှမ်းသာကျန်တော့၏။ ဘုရားသခင်ခေါ်သံကြားရလျှင် ကောင်းမည်ဟုထင်မိပါသည်။ နီးကပ်သောမိတ်ဆွေဖြစ်ရကြောင်းသိသောအခါ ပို၍ဝမ်းသာမည်။ အကယ်၍သာ ဘုရားသခင်နှင့် အတူထိုင်၍စကားပြောရလျှင် အထူးကောင်းသည့်အခွင့်အရေးဖြစ်မည်။

### ၁။ အကန့်အသတ်မရှိဘဲ ခရစ်တော်ထံသို့ချဉ်းကပ်နိုင်သည်

ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ယနေ့ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့ပို၍နီးကပ်စွာနေနိုင်ကြောင်း သိရသည်။ ခရစ်တော်သည် ယနေ့အသွေးအသားအားဖြင့် ပို၍ဝမ်းမြောက်စရာရှိမည်။ သို့ရာတွင် ခရစ်တော်အား အနီးကပ်ကြည့်လိုသူများမှာ အထူးပင်များပြားမည်ဖြစ်ပါသည်။ သူ၏အချိန်မည်မျှကုန်မည်ကိုလည်း စဉ်းစားကြည့်ပါ။ အကယ်၍သာ ခရစ်တော်နှင့်တိုက်ရိုက်စကားပြောရလျှင် ဘဝအသက်တာအတွက် လုံလောက်မည်ဖြစ်ပါသည်။

ခရစ်တော်သည် တစ်ဦးတစ်ကိုယ်စီနှင့် ပေါင်းသင်းဆက်ဆံလိုပါသည်။ ထို့ကြောင့် သူသည် ဤကမ္ဘာကိုစွန့်၍ လူသားများတစ်ဦးစီအတွက် နေ့စဉ်နှင့်အမျှအလုပ်လုပ်ရခြင်းသည် ကျွန်ုပ်တို့နှင့်ရင်းနှီးလာမည်ဖြစ်ကြောင်းသိရသည်။ ခရစ်တော်သည် နေရာဒေသအားဖြင့် အကန့်အသတ်မရှိသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်တော်အား လက်ခံသူတိုင်းအတွက် သွန်သင်လမ်းပြပါသည်။ ကောင်းကင်သို့မတက်ကြွသွားမီ အားရလောက်သောကတိတော်မှာ "ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့၊ ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏" (မဿဲ ၂၈း၂၀)။

**ခရစ်တော်သည် မည်သည့်အလုပ်ကိုလုပ်သောကြောင့် လူတို့နှင့်အတူအစဉ်မပြတ်ရှိမည်ဟူသောအချက်ကိုရှင်းပြပါ။** "ယခုမူကား၊ ကောင်းကင်ဘုံထဲသို့ကြွဝင်တော်မူသောယဇ်ပုရောဟိတ်မင်းအကြီးတည်းဟူသော ဘုရားသခင်၏ သားတော်ယေရှုသည် ငါတို့၌ယဇ်ပုရောဟိတ်မင်းဖြစ်တော်မူသောကြောင့် ငါတို့သည်ဝန်ခံခဲ့ပြီးသောအရာ၌တည်ကြည်

ကြကုန်အံ့။ ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည့်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကိုခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် အပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည် သနားခြင်းကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုလည်းကောင်း ခံရမည်အကြောင်း ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့။" (ဟေဗြဲ ၄း၁၄–၁၆)။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက်ကိုယ်စားလှယ်အဖြစ်လုပ်ဆောင်နေကြောင်းကိုသတိပြုပါ။ နေရာတိုင်းတွင် ကျွန်ုပ်တို့ကဲ့သို့သွေးဆောင်ခြင်းခံရ၍ ကျွန်ုပ်တို့၏အားနည်းချက်ကိုသနားတတ်၏။ ကျွန်ုပ်တို့၌လိုသောအချိန်တွင် ကူညီမစတတ်၏။ ခရစ်တော်သည် ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကြီးဖြစ်သောကြောင့် ကျွန်ုပ်တို့နှင့်ဘယ်တော့မှ အဆက်ပြတ်မသွားပါ။ ကျွန်ုပ်တို့ကိုလည်း ဘုရားသခင်၏ရှေ့တော်သို့ခေါ်ဆောင်သွားနိုင်သည်။ "ထို့ကြောင့် ငါတို့သည် သနားခြင်းကရုဏာကိုလည်းကောင်း၊ တော်လျော်သောမစခြင်းကျေးဇူးတော်ကိုလည်းကောင်း ခံရမည့်အကြောင်း ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့။" ကောင်းကင်တွင် ခရစ်တော်သည် မည်သည့်တာဝန်ကိုထမ်းဆောင်ရပါသနည်း။ "ထိုသခင်မူကား၊ အပြစ်ကိုဖြေခြင်းငှါ ယဇ်တစ်ခုတည်းကိုပူဇော်ပြီးမှစ၍ ဘုရားသခင်၏လက်ျာတော်ဘက်၌ အစဉ်အမြဲထိုင်၍" (ဟေဗြဲ ၁၀း၁၂)။ အသက်ရှင်သောခရစ်တော်သည် ကျွန်ုပ်တို့၏ကိစ္စအဝဝကိုနားလည်၍ ကျွန်ုပ်တို့၏ကိုယ်စားလှယ်ကြီးဖြစ်ကြောင်း၊ ဘုရားသခင်၏လက်ျာတော်ဘက်ပလ္လင်ပေါ်၌ထိုင်နေကြောင်း၊ ခရစ်တော်၏အသက်တာကြောင့် ကျွန်ုပ်တို့အတွက်ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် မိမိကိုယ်ကိုဘယ်ကဲ့သို့ပြင်ဆင်နေပါသနည်း။ "ထို့ကြောင့် ခရစ်တော်သည် လူတို့၏အပြစ်ဖြေစရာအကြောင်းကိုစီရင်၍ ဘုရားသခင်နှင့်စပ်ဆိုင်သောအရာတို့၌ ကရုဏာနှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ပြည့်စုံသောယဇ်ပုရောဟိတ်အကြီးဖြစ်အံ့သောငှါ မိမိညီအစ်ကိုတို့နှင့်တူရသောအကြောင်းရှိ၏။ ထိုစုံစမ်းနှောင့်ယှက်ခြင်းကိုကိုယ်တော်တိုင်ခံ၍ ဒုက္ခဆင်းရဲခြင်း၌ကျင်လည်သောကြောင့် စုံစမ်းနှောင့်ယှက်ခြင်းအမှုနှင့်တွေ့ကြုံသောသူတို့ကိုမစခြင်းငှါ တတ်နိုင်တော်မူ၏" (ဟေဗြဲ ၂း၁၇၊ ၁၈)။ ကျွန်ုပ်တို့၏ညီအစ်ကိုသည် ကျွန်ုပ်တို့၏ဘဝအဖြစ်အပျက်ကိုခံယူကာ ကျွန်ုပ်တို့စုံစမ်းခြင်းခံရသကဲ့သို့ ခံရသောကြောင့် ယခုတွင် ထိုသခင်ယေရှုသည် အဖဘုရားသခင်၏လက်ျာဘက်ပလ္လင်တော်ပေါ်၌ ယဇ်ပုရောဟိတ်မင်းကြီးအဖြစ်လုပ်ကိုင်နေသောကြောင့် ကျွန်ုပ်တို့၏ဘဝခံစားချက်ကိုသိရှိနားလည်သောပုဂ္ဂိုလ်ဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကဲ့သို့အစာဆာခြင်း၊ ရေငတ်ခြင်း၊ သွေးဆောင်ခြင်းနှင့်ပင်ပန်းခြင်းကိုခံရ၏။ ကျွန်ုပ်တို့အတွက်သနားခြင်းနှင့်နားလည်ခြင်းကို ကျွန်ုပ်တို့အတွက်ခံစားရ၏။ ထို့ကြောင့် ခရစ်တော်သည် သာ၍သင့်ထိုက်သောယဇ်ပုရောဟိတ်မင်းကြီးအဖြစ် ကျွန်ုပ်တို့အပြစ်အတွက် မိမိကိုယ်ကိုယဇ်ပူဇော်ခဲ့သောကြောင့်ဖြစ်၏။ ခရစ်တော်သည် ကျွန်ုပ်တို့သေရမည့်နေရာတွင် ကျွန်ုပ်တို့၏အပြစ်အတွက်သက်တော်စွန့်ခဲ့ပါသည်။ ဤအကြောင်းသည် ဧဝံဂေလိတရားဖြစ်၍ လူသားအားလုံးအတွက် အစဉ်အမြဲကောင်းသောသတင်းဖြစ်၏။

ကျွန်ုပ်တို့၏ကျမ်းစာကျောင်းရှိ ကျောင်းအုပ်ကြီး၏သက်သေခံချက်မှာ– "သမီးငယ်သုံးနှစ်အရွယ်တွင် သူ၏လက်သည် ခေါက်ကုလားထိုင်တွင်ညှပ်မိ၍ အရိုးကြေမွသွားသည်။ နာကျင်သောကြောင့် အော်သောအသံသည် ကျွန်ုပ်တို့၏စိတ်နှလုံးကိုထိခိုက်စေပါသည်။ အထူးသဖြင့် သူ၏အစ်မငါးနှစ်အရွယ်သည် မိမိ၏ညီမခံစားရသောနာကျင်မှုကိုတွေ့မြင်သောအခါ ပြောသောစကားမှာ "ဖေဖေ၊ ကျွန်မသူ့အတွက် သူ့ရဲ့နာကျင်မှုကိုခံစားလိုပါတယ်" လူသားတို့သည်အပြစ်ကြောင့် ထာဝရသေခြင်းကိုစီရင်ခြင်းခံရသောအခါ ခရစ်တော်သည်လည်း ထိုနည်းတူ "အိုးအဖ၊ အကျွန်ုပ်သည်ထိုလူသားများအတွက်ခံစားရလျှင် ပို၍ကောင်းပါမည်" ထို့ကြောင့် အဖဘုရားသခင်သည် ခရစ်တော်၏ဆန္ဒအရ၊ လက်ဝါးကပ်တိုင်ကိုပေး၏။ ခရစ်တော်သည် ကျွန်ုပ်တို့၏ခံစားရသောနာကျင်မှုများကို သူသည်ပိုမို၍ခံစားရပါ၏။

## ၂။ ခမ္မယောင်းရှိဇဝံဂေလိတရား

ဣသရေလလူတို့သည် သိနတောင်ခြေတွင်စတည်းချနေကြသောအခါ ဘုရားသခင်သည် မောရှေကိုသယ်ယူရွှေ့ပြောင်းနိုင်သောဗိမာန်တော်ကိုဝတ်ပြုခြင်းပြုနိုင်ရန် ဆောက်လုပ်စေသည်။ ထိုဗိမာန်တော်မှာ တောင်ပေါ်၌ပြထားသောပုံစံအတိုင်း မောရှေအားမှာထား၏ (ထွက် ၂၅း၄၀)။ နှစ်ပေါင်းငါးရာကြာပြီးသည့်နောက် ရှောလမုန်မင်းကြီးသည် ထိုယာယီဗိမာန်တော်ကြီးကို ကျောက်ဖြင့်တည်ဆောက်ခဲ့ပါသည်။ ထိုဗိမာန်တော်ကြီးကိုလည်း ယာယီဗိမာန်တော်ကဲ့သို့ တညီတစ်သဏ္ဍာန်တည်းဆောက်ခဲ့ပါသည်။ မောရှေအား ဘုရားသခင်ပေးထားသောအမိန့်တော်မှာ ဗိမာန်တော်၏ ပုံသဏ္ဍာန်သည် မည်ကဲ့သို့ရှိရမည်ဖြစ်ကြောင်း သူသိရှိနားလည်ပါသည်။ “ငါသည် သင်တို့တွင်ကျိန်းဝပ်ရာဖို့ သန့်ရှင်းရာဌာနကိုလုပ်ကြစေ၊ ငါပြသမျှသောတဲတော်ပုံ၊ တဲတော်တန်ဆာပုံနှင့်အညီလုပ်ရမည်” (ထွက် ၂၅း၈၊ ၉)။

အပြစ်သည် ဘုရားသခင်နှင့်လူသားကို ဝမ်းနည်းဖွယ်ကောင်းလောက်သောခွဲခွါမှုကိုပြုလုပ်ခဲ့သည်။ တဲတော်လူနှင့်အတူရှိခြင်းသည် ဘုရားသခင်သည် လူနှင့်အတူလာ၍နေထိုင်နိုင်ကြောင်းကိုပြသည်။ တဲတော်နောက်ပိုင်းတွင် ဗိမာန်တော်ကြီးသည် ဘာသာရေးအသက်တာနှင့်ဝတ်ပြုခြင်းပြုလုပ်ရန်အချက်အချာခမ္မယောင်းခေတ်တွင်ဖြစ်လာသည်။ နံနက်တိုင်း၊ ညနေတိုင်းလူနှင့်ဘုရားသခင်သည် ဗိမာန်တော်၌မိတ်သဟာယဖွဲ့ကာ (လုကာ ၁၁း၉၊ ၁၀) ဘုရားသခင်ပေးခဲ့သောကတိတော်ကိုတောင်းခံကာ “ငါသည် သင်နှင့်တွေ့ရာအရပ်ဟု” (ထွက် ၃၆း၆) သတ်မှတ်ခဲ့သည်။

ခမ္မယောင်းကျမ်းသည် ကယ်တင်ခြင်းဇဝံဂေလိတရားကို ခမ္မသစ်ကျမ်းနည်းတူသွန်သင်ခဲ့ပါသည်။ ထိုကျမ်းပြိုင်နှစ်ခုမှာ ခရစ်တော်သည် အပြစ်သားများအတွက် ကောင်းကင်ရှိဗိမာန်တော်ထဲတွင် ယဇ်ပုရောဟိတ်မင်းကြီးအဖြစ်တာဝန်ထမ်းဆောင်နေကြောင်းပြသထားသည်။

## ၃။ ခရစ်တော်၏လုပ်ငန်းသည် ကျွန်ုပ်တို့အတွက်ဗိမာန်တော်ထဲ၌ဖေါ်ပြထားသည်

ကောင်းကင်ရှိဗိမာန်တော်လုပ်ငန်းများတို့သည် ဤလောက၌ ခရစ်တော်ပြုလုပ်ခဲ့သောလုပ်ငန်းဖြစ်၍ နေ့စဉ်နှင့် အမျှကျွန်ုပ်တို့၏အသက်တာကိုသွန်သင်လမ်းပြ၍ကြွယ်ဝစေပါသည်။ လောကရှိတဲတော်သည် ကောင်းကင်ရှိဗိမာန်တော်ကြီးအတိုင်းဖြစ်သောကြောင့် ယခုကောင်းကင်ရှိဗိမာန်တော်တွင် ခရစ်တော်လုပ်ငန်းများပြုလုပ်လျက်ရှိသည်။ (ထွက်မြောက်ရာ ၂၅း၄၀) တွင်ပြသထားသောလုပ်ငန်းများသည် တောတောင်ထဲ၌လုပ်ရသော်လည်း အသေးစိတ်လုပ်ငန်းများကိုဖေါ်ပြထားသည်။ အကျဉ်းအားဖြင့် ဗိမာန်တော်တွင်သုံးဆောင်ထားသောပစ္စည်းတို့ကို ခမ္မသစ်ကျမ်းတွင်ဖေါ်ပြထားသည်။ “တစ်နည်းကား ပထမပဋိညာဉ်တရားသည် ဝတ်ပြုရာစီရင်ချက်နှင့်လည်းကောင်း၊ လောကသန့်ရှင်းရာဌာနတော်နှင့်လည်းကောင်း စပ်ဆိုင်၏။ အဘယ်သို့နည်းဟူမူကား ဟဂျာဟုခေါ်သော ပထမတဲတော်သည် ဆီမီးခုံ၊ စားပွဲရှေ့တော်မုန့်နှင့်ပြင်ဆင်လျက်ရှိ၏။ ဒုတိယကန့်လန့်ကာအတွင်း၌ ဟဂျာ၊ ဟဂျုန်ဟုခေါ်ဝေါ်သောတဲတော်ရှိ၏။ ထိုတဲတော်၌ ရွှေလင်ပန်းနှင့်ရွှေဖြင့်မွမ်းမံသောပဋိညာဉ်တရားသေတ္တာရှိ၏။ ထိုသေတ္တာ၌ မန္နကိုထားသောရွှေအိုး၊ အပွင့်ပွင့်သောအာရုန်၏လှံတံ၊ ပဋိညာဉ်တရားကိုရေးထားသောကျောက်ပြားတို့သည်ရှိ၏။ ထိုသေတ္တာပေါ်မှာဘုန်းကြီးသောခေရုဗိမ်တို့သည် အပြစ်ဖြေရာပလ္လင်ကိုလွှမ်းမိုးလျက်ရှိကြ၏။ ထိုအရာများကို ယခုသေချာစွာပြောစရာအကြောင်းမရှိ။” (ဟေဗြဲ ၉း၁–၅)။

တဲတော်သည် အခန်းနှစ်ခန်းရှိ၏။ သန့်ရှင်းသောအခန်းနှင့်အလွန်သန့်ရှင်းသောအခန်းဖြစ်၏။ ထိုတဲတော်ရှေ့တွင်ကွက်လပ်ရှိ၏။ ထိုကွက်လပ်အတွင်းတွင် ယဇ်ပူဇော်ရာပလ္လင်၊ ယဇ်ပုရောဟိတ်များယဇ်ပူဇော်ခြင်းပြုသည်။ ရေနှင့်ဆေးကြောရန်အင်ဒုံရှိသည်။ ယဇ်ကောင်ကို ကြေးဝါပလ္လင်၌ပူဇော်ခြင်းသည် ခရစ်တော်ကိုပုံဆောင်သည်။ ထိုသခင်

သည်ဘုရားသခင်၏သိုးသငယ်အဖြစ် ကျွန်ုပ်တို့၏အပြစ်ကိုယူဆောင်သော ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်၌ သေခြင်းကို ပြသည် (ယောဟန် ၁း၂၉)။ နောင်တရသောအပြစ်သားသည် ပလ္လင်တော်ရှေ့သို့လာ၍ ယဇ်ကောင်နှင့်တကွ မိမိအပြစ် ကိုဖေါ်ပြကာ ယဇ်ပူဇော်သောအခါ အပြစ်ဖြေလွှတ်ခြင်းနှင့် အပြစ်မှသန့်ရှင်းခြင်းကိုရရှိသည်။ ထို့နည်းတူ ကျွန်ုပ်တို့၏ အပြစ်များကိုပူဇော်ခဲ့သောခရစ်တော်၏အသွေးအားဖြင့် အပြစ်ဖြေလွှတ်ခြင်းနှင့် သန့်ရှင်းခြင်းရရှိသည် (၁ယော ၁း၉)။ ပထမအခန်းတွင် (သို့မဟုတ်) သန့်ရှင်းသောအခန်းတွင် ဆီမီးတိုင် (၇) တိုင်အမြဲထွန်းလျက်ရှိသည်။ ခရစ်တော်သည် ထာဝရလောက၏အလင်းဖြစ်ကြောင်းကိုပုံဆောင်သည် (ယောဟန် ၈း၁၂)။ စားပွဲပေါ်တွင်ရှိသောရှေ့တော်မုန့်သည် ကျွန်ုပ်တို့အတွက်ဝိညာဉ်ရေးငတ်မွတ်သောအခါ ကျွေးနပ်ရန်ပေးသောမုန့်ဖြစ်၏။ ထိုမုန့်သည် အသက်မုန့်ဖြစ်၏ (ယောဟန် ၆း၃၅)။ နံ့သာမျိုးပူဇော်ရန် ရွှေပလ္လင်သည် ခရစ်တော်က ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ရှေ့တော်သို့ တောင်းဆိုပေးသောဆုတောင်းခြင်းဖြစ်၏ (ဗျာ၊ ၈း၃၊ ၄)။ ဒုတိယအခန်းသည် (သို့မဟုတ်) အလွန်သန့်ရှင်းသောနေရာဖြစ်၍ ပဋိညာဉ်သေတ္တာရှိ၍ ထိုသေတ္တာကိုရွှေဖြင့်မွမ်းမံထားသည်။ ထိုပဋိညာဉ်သေတ္တာပေါ်၌ ကျေးဇူးပလ္လင်ရှိ၍ ဘုရားသခင်၏ ပလ္လင်တော်ကိုပုံဆောင်သည်။ ထိုကျေးဇူးပလ္လင်သည် ခရစ်တော်ယဇ်ပုရောဟိတ်မင်းကြီးအနေဖြင့် ပညတ်တော်များကို ကျူးလွန်သောလူသားများအတွက် အပြစ်ဖြေစေရန် ဘုရားသခင်နှင့်ညှိနှိုင်းပေးခြင်းကိုပုံဆောင်သည်။ ထိုပဋိညာဉ်သေတ္တာ အတွင်းရှိ ကျောက်ပြားနှစ်ပြားသည် ပညတ်တော် (၁၀) ပါးရေးထား၏။ ကျေးဇူးပလ္လင်အောက်၌ထား၏။ ပဋိညာဉ်သေတ္တာ ပေါ်ရှိကျေးဇူးပလ္လင်အဆုံးတွင် ရွှေဖြင့်မွမ်းမံသောခေရုဗိမ်ဝဲပျံလျက်ရှိသောပုံသဏ္ဍာန်ကဲ့သို့ထားရှိ၏။ ထိုခေရုဗိမ်ကြားတွင် ထားသောမီးအလင်းသည် ဘုရားသခင်ရှိကြောင်းကိုပုံဆောင်၏။ သန့်ရှင်းသောအခန်းကိုလူမမြင်ရအောင် ယဇ်ပုရောဟိတ် တို့သည် ရှေ့တော်အခန်းတွင်ယဇ်ပူဇော်ပေး၏။ ဒုတိယကန့်လန့်ကာသည် အသန့်ရှင်းဆုံးသောအခန်းကိုကာကွယ်ကာ ပထမအခန်းရှိပုရောဖက်များတို့အတွက် ကာကွယ်ထားပေသည်။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင် သက်တော်စွန့်ခဲ့ သောအခါ "ထိုအခါ ဗိမာန်တော်၏ကန့်လန့်ကာသည် အထက်စွန်းမှအောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏" (မဿဲ ၂၇း၅၁)။ အသန့်ရှင်းဆုံးသောအခန်းသည် ခရစ်တော်သက်တော်စွန့်သောအခါ စုတ်ကွဲခြင်းသည် ၎င်းအခန်းတွင်းရှိအရာများ ကိုတွေ့နိုင်မြင်နိုင်သည်ကိုပြသည်။ ခရစ်တော်၏သေခြင်းသည် အဖဘုရားသခင်နှင့် ယုံကြည်သူတို့ကြားတွင် ခရစ်တော် အားဖြင့် မည်သည့်အဟန့်အတားကန့်လန့်ကာမရှိတော့ကြောင်းကိုပြသည်။ ယဇ်ပုရောဟိတ်မင်းကြီးဖြစ်သောခရစ်တော်သည် အဟန့်အတားမရှိသောဘုရားသခင်၏ရှေ့တော်သို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်လာကြောင်းပြသည် (ဟေဗြဲ ၁၀း၁၉–၂၂)။ ခရစ်တော်သည် ကျွန်ုပ်တို့၏မင်းကြီးဖြစ်၍ ဘုရားသခင်၏ လက်ျာတော်ဘက်၌ရှိသောကြောင့် ဘုရားသခင်၏ ရှေ့တော်တွင် ကျွန်ုပ်တို့သည်ခံစားရသောအခွင့်ရှိ၏။ ခရစ်တော်သည် ဘုရားသခင်ရှေ့တော်သို့လာရန် ပြုပြင်ပေးသည်။ ဘုရားသခင်၏မေတ္တာတော်ထဲသို့ဝင်ရန်ဆွဲဆောင်ပေး၏။ ထို့ကြောင့် ဘုရားသခင်ထံသို့လာနိုင်ရန်ကြိုးစားကြပါ။

## ၄။ ခရစ်တော်၏သေခြင်းဖြင့် ကျွန်ုပ်တို့အားကယ်တင်ခြင်းပေးသောဗျာဒိတ်တော်

မြေကြီးပေါ်ရှိတဲတော်သည် ကောင်းကင်ပေါ်ရှိပုံတူတဲတော်ဖြစ်၍ ခရစ်တော်သည် ယခုကျွန်တော်တို့အတွက် အပြစ်ဖြေရာဝတ်ကိုပြုလုပ်လျက်ရှိပါသည်။ (ဟေဗြဲ ၈း၅)။ သို့ရာတွင် ကောင်းကင်နှင့်မြေကြီးတဲတော်တို့သည် မတူညီသောအရာရှိပါသည်။ မြေကြီးပေါ်ရှိတဲတော်၏ယဇ်ပုရောဟိတ်သည် အပြစ်ကိုဖြေလွှတ်၍မပေးနိုင်ပါ။ သို့ရာတွင် ကောင်းကင်တဲတော်ရှိခရစ်တော်ယေရှုသည် အပြစ်ဖြေလွှတ်ပေးနိုင်၍ တစ်ခါတည်းမိမိကိုယ်ကိုပူဇော်ခြင်းအားဖြင့်

အပြစ်ကိုထာဝရပယ်ဖျက်ခဲ့ပါသည်။ (ဟေဗြဲ ၉း၂၆)။ ဓမ္မဟောင်းကျမ်းရှိ ဝတ်ပြုရာကျမ်းတွင် တဲတော်တွင်းဝိနည်း အထုံးအဖွဲ့လုပ်ငန်းများကို အသေးစိတ်ဖော်ပြထားပါသည်။ ဝိနည်းအထုံးအဖွဲ့လုပ်ငန်းများသည် နှစ်ပိုင်းရှိပါသည်။ (၁) နေ့စဉ်ပြုရမည့်အပြစ်ဖြေရာယဇ်ပူဇော်ခြင်း၊ (၂) တစ်နှစ်တစ်ခါပြုရမည့်ယဇ်ပူဇော်ခြင်း။ (လမ်းညွှန် ၁၃ တွင် နှစ်စဉ်ပြုအပ်သောယဇ်ပူဇော်သကာများကိုတင်ပြထားပါသည်)။

နေ့စဉ်နှင့်အမျှပြုအပ်သောပူဇော်သကာများမှာ အပြစ်လုပ်သောသူအတွက် ပူဇော်ပေးခြင်းနှင့် လူအားလုံးအတွက် ပူဇော်ပေးခြင်းများရှိသည်။ အကယ်၍ အပြစ်လုပ်ခဲ့သော် အနာအဆာကင်းမဲ့သောတိရစ္ဆာန်တစ်ကောင်ဖြင့်ပူဇော်ရသည်။

ထိုသိုး၏ခေါင်းပေါ်တွင် လက်ကိုတင်ကာ အပြစ်ကိုဖော်ပြ၍ တိရစ္ဆာန်ကိုသတ်ကာ မီးရှို့ရာယဇ်ဖြင့်ပူဇော်ရသည် (ဝတ် ၄း၂၉)။ အပြစ်ရှိသောလူသည် မိမိအပြစ်ကို အပြစ်မရှိသောတိရစ္ဆာန်ပေါ်တင်ကာ (အပြစ်များဖော်ပြ၍ တိရစ္ဆာန်၏ခေါင်းပေါ်သို့လက်တင်ကာ) ယဇ်ပူဇော်ရသည်။ အနက်မှာ ခရစ်တော်သည် အပြစ်သားများ၏အပြစ်ကိုယူ၍ လက်ဝါးကပ်တိုင်ပေါ်၌ မိမိကိုယ်ကိုပူဇော်ရခြင်းပြသည် (၂ကော ၅း၂၁)။ ပူဇော်သောသတ္တဝါကိုသတ်၍ အသွေးယူကာ ပူဇော်ခြင်းသည် ခရစ်တော်အပြစ်သားများအတွက် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံခြင်းကိုပြသည်။

## ၅။ ဘာကြောင့်အသွေးတော်သာသုံးရသနည်း

"ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကိုကုန်မတတ်အသွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ်ဖြေလွှတ်ခြင်းမရှိ" (ဟေဗြဲ ၉း၂၂)။ ဓမ္မဟောင်းတွင်ရှိသောတဲတော်သည် ခရစ်တော်၏ ကယ်တင်ခြင်းတရားလမ်းကို မီးမောင်းထိုးထားပါသည်။ ခရစ်တော်သည် အပြစ်ကြောင့်အသေခံ၍ သန့်ရှင်းသောနေရာတွင်ဝင်ကာ တစ်ခါနှင့်အပြီးအသွေးတော်ကိုသွန်းကာ ထာဝရကယ်တင်ခြင်းကိုရသဖြင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကိုပေးခဲ့ပါသည်။ (ဟေဗြဲ ၉း၁၂)။ ကျွန်ုပ်တို့၏အပြစ်အတွက်ကြောင့် ခရစ်တော်၏အသွေးသည် လက်ဝါးကပ်တိုင်၌ ခံရသောအခါ ယေရုရှလင်မြို့ရှိ ဗိမာန်တော်၌ရှိသောကန့်လန့်ကာသည် ထက်ခြမ်းစုတ်သွားပါသည် (မဿဲ ၂၇း၅၁)။ ခရစ်တော်၏သေခြင်းကြောင့် ကျွန်ုပ်တို့သည် တိရစ္ဆာန်များကိုပူဇော်ရန်မလိုတော့ပါ။

ခရစ်တော်၏အသွေးသည် လက်ဝါးကပ်တိုင်ပေါ်တွင်သွန်းခဲ့သောအခါ ကိုယ်တော်သည်ပြည့်စုံသောနားထောင်ခြင်းဖြင့် မိမိအသက်တာကို လူ၏အစားပူဇော်ခဲ့ပါသည်။ ခရစ်တော်နှင့် အဖဘုရားသခင်သည် လက်ဝါးကပ်တိုင်ပေါ်၌ ခွဲခွါရသောအခါ သားတော်သည် စိတ်နှလုံးကြေကွဲ၍ သေဆုံးခဲ့ရသည်။ အဖနှင့်သားတို့သည် ကယ်တင်ခြင်းရာဇဝင်တွင် ပွဲဦးထွက်အပြစ်အမှားတို့၏ရလဒ်ကိုပြသခဲ့ပါသည်။ ထို့ကြောင့် ခရစ်တော်သည် အပြစ်သားများကိုအပြစ်ဖြေလွှတ်ပေးနိုင်သည်။ ခရစ်တော်သည် မိမိအသွေးအားဖြင့် ငြိမ်သက်ခြင်းကိုရယူခဲ့ပါသည်။ (ကောလောသဲ ၁း၂၀)။

## ၆။ ခရစ်တော်သည် ကျွန်ုပ်တို့အားကယ်တင်ခြင်းပေးရန် ဗျာဒိတ်ထဲတွင်ဖော်ပြထားပါသည်

**ကောင်းကင်ဗိမာန်တော်တွင် ခရစ်တော်၏လုပ်ငန်းသည် မည်သည့်အရာဖြစ်သနည်း။** "ထို့ကြောင့် အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင်အထံတော်သို့ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက် ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကိုအစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏" (ဟေဗြဲ ၇း၂၅)။

ခရစ်တော်သည် ယခုအသက်ရှင်၍ မိမိအသွေးကိုပူဇော်ပါသည်။ သူ၏ပူဇော်ခြင်းသည် ကျွန်ုပ်တို့အတွက်ဖြစ်ပါ၏။ သူသည် ကြိုးစား၍ အပြစ်ရှိသူများကိုကယ်တင်ရန် လုပ်ဆောင်လျက်ရှိပါသည်။ အချို့သောသူတို့သည် အယူမှားကာ ကြားဖျန်ဖြေသောခရစ်တော်၏လုပ်ငန်းသည် အဖဘုရားသခင်ထံတွင်အပြစ်လွှတ်ရန် တောင်းပန်သည်ဟု ယုံကြည်ရသည်။ သို့ရာတွင် အဖဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ဝမ်းမြောက်စွာဖြင့် အပြစ်ဖြေလွှတ်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်အဖြစ် လူသားများအတွက် အပြစ်ကိုဖျန်ဖြေပေးလျက်ရှိပါသည်။ သတိမထားတတ်သောသူများအတွက် မျှော်လင့်ခြင်း၏ဧဝံဂေလိတရားကိုရရှိစေရန် စိတ်ဓါတ်ကျလျက်ရှိသောအပြစ်သားများအတွက် မစကူညီပါသည်။

ယုံကြည်သောသူများအတွက်လည်း ကြွယ်ဝသောဘုရားသခင်၏နှုတ်ထွက်တရားတော်ကိုရရှိနိုင်ရန် ဆုတောင်းခြင်းတန်ခိုးဖြင့်လမ်းပြခဲ့ပါသည်။ ခရစ်တော်သည် ဘုရားသခင်၏ပညတ်တော်နှင့်အညီ ကျွန်ုပ်တို့၏ယုံကြည်ခြင်းများကိုပုံသွင်းကာ တည်ကြည်သောသူများဖြစ်ရန်မစခဲ့ပါသည်။

ဤကမ္ဘာကြီးပေါ်တွင်နေခဲ့သောကမ္ဘာသားတိုင်းအတွက် ခရစ်တော်သည် မိမိအသက်ကိုစွန့်ခဲ့ပါသည်။ ယခုအချိန်တွင် ယဇ်ပုရောဟိတ်မင်းအဖြစ် ထာဝရအသက်ရှင်၍ မိမိသေခြင်းကို ကယ်တင်ရှင်အဖြစ်လက်ခံရန် တောင်းဆိုနေပါသည်။ အပြစ်သည် ရင်းနှီးသောပေါင်းဖေါ်ခြင်းကိုဖျက်ဆီးခဲ့ပါသည်။ အာဒံနှင့်ဧဝသည် တစ်ချိန်က ဘုရားသခင်နှင့်ရင်းနှီးသောပုဂ္ဂိုလ်များဖြစ်ကြပါသည်။ သို့ရာတွင် အပြစ်ကြောင့်ခွဲခွါခဲ့ရသော်လည်း ခရစ်တော်အားဖြင့် ထိုခွဲခွါခြင်းကိုပြန်လည်ရင်းနှီးစေခဲ့ပါသည်။ ခရစ်တော်၏ပူဇော်သကာသည် ဆန်းကျယ်၍ ထူးခြားလှပါသည်။ ခရစ်တော်၏သာသနာလုပ်ငန်းသည်နက်နဲလှပါ၏။ ခရစ်တော်သည် ဘုရားသခင်ကို ကျွန်ုပ်တို့နှင့်နီးစေပါသည်။ ခရစ်တော်သာလျှင် ဝိညာဉ်တော်အားဖြင့်သာ ကျွန်ုပ်တို့၏စိတ်ထဲ၌ကိန်းအောင်းနိုင်ပါသည်။ ထို့ကြောင့် ခရစ်တော်သည် မိမိကိုယ်ကာယကိုပြောင်းလဲ၍ ကျွန်ုပ်တို့၏စိတ်တွင်ကိန်းအောင်း၍နေပါ၏။ ထို့နည်းတူ ခရစ်တော်၏တရားတော်၌မွေ့လျော်နိုင်ရန် ကျွန်ုပ်တို့ပြင်ဆင်ရပါမည်။ ခရစ်တော်ကို ကျွန်ုပ်တို့၏သခင်ကယ်တင်ရှင်အဖြစ်လက်ခံကြပါစို့။

–ဝ–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၁၂) အဖြေလွှာ
## အမြဲတမ်းရှိနေသောကယ်တင်ရှင်

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။ မေးခွန်းတစ်ပုဒ်တွင် အမှားတစ်ခုရှိသည်။

၁။ ------ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့နှင့်ပို၍ လောကမှာရှိခဲ့သည့်အချိန်အခါထက်နီးကပ်သည်။

------ စိတ်ဆန္ဒရှိသောသူတိုင်းအား အသက်တာလမ်းညွှန်ရန် ခရစ်တော်သည်အနားမှာပင်ရှိသည်။

------ ခရစ်တော်သည် ယဇ်ပုရောဟိတ်မင်းဖြစ်၍ ကောင်းကင်နိုင်ငံတော်တွင် ဘုရားသခင်၏လက်ျာတော်ဘက်၌နေ၍ ကျွန်ုပ်တို့၏အပြစ်အတွက် ကိုယ်စားပြုပေးသည်။

------ ခရစ်တော်သည် လူကဲ့သို့စုံစမ်းခြင်းခံရသောကြောင့် လူ၌လိုသောအကူအညီကိုပေးနိုင်သည်။

------ ခရစ်တော်သည် ရွေးချယ်သောသူအချို့အတွက်သာအသေခံသည်။

၂။ ------ ဓမ္မဟောင်းကျမ်းတွင်ရှိတဲတော်သည် ဘုရားသခင်လူနှင့်ဆုံသောနေရာဖြစ်သည်။

------ ဓမ္မဟောင်းကျမ်းရှိဗိမာန်တော်သည် ဝတ်ပြုကိုးကွယ်ခြင်းနှင့်မပတ်သက်ပါ။

------ ဓမ္မဟောင်းကျမ်းရှိဗိမာန်တော်တွင်ရှိသောဇံဂေလိတရားသည် ဓမ္မသစ်ကျမ်းတွင်ရှိသောဇံဂေလိတရားနှင့်အတူတူပင်ဖြစ်သည်။

၃။ ------ ဗိမာန်တော်ရှိကိုးကွယ်ခြင်းနည်းလမ်းများတို့သည် ခရစ်တော်ကျွန်ုပ်တို့၏အပြစ်အတွက် သေကြောင်းနှင့်ကောင်းကင်တွင် ယဇ်ပုရောဟိတ်မင်းအဖြစ်အမှုဆောင်ရွက်ကြောင်းပြသည်။

------ ဗိမာန်တော်ရှိဝတ်ပြုကိုးကွယ်ခြင်းသည် ခရစ်ယာန်တို့အတွက်အကျိုးမရှိပါ။

၄။ ------ ဗိမာန်တော်ရှိပူဇော်သကာတို့သည် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်သေခြင်းကိုပြသည်။

------ ဗိမာန်တော်တွင် ဣသရေလလူများအတွက် အပြစ်ဖြေလွှတ်ရန်အစီအစဉ်မရှိပါ။

------ ဣသရေလလူတို့၏ဗိမာန်တော်သည် ကောင်းကင်ဗိမာန်တော်အတိုင်းဖြစ်သည်။

၅၊၆။------ ခရစ်တော်အချိန်၌ရှိသောကန့်လန့်ကာသည် ယခုအချိန်အထိ ယေရုရှလင်မြို့ရှိဗိမာန်တော်တွင်ရှိသည်။

------ ဗိမာန်တော်တွင် ယဇ်ပုရောဟိတ်လုပ်သောလုပ်ငန်းသည် ခရစ်တော်က ကျွန်တော်တို့အတွက်ပြုလုပ်သောလုပ်ငန်းကိုပုံဆောင်သည်။

------ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းအနေဖြင့် ခရစ်တော်သည် ယခုကျွန်ုပ်တို့၏အပြစ်များကို မိမိအသွေးအားဖြင့်သန့်ရှင်းစေပါသည်။

**နှလုံးသားမေးခွန်း**

ဘုရားသခင်၏သိုးသငယ်အနေဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်အတွက်အသေခံသည်။ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်းအနေဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့ကိုဘုရားသခင်နှင့်ရင်းနှီးသောမိတ်သဟာယဖွဲ့ပေးသည်။ ခရစ်တော်ပြုလုပ်ခဲ့သောအရာများကြောင့် ယခုလည်းကျွန်ုပ်တို့အတွက်ပြုနေဆဲဖြစ်သည်။ ထိုအရှင်အား သင်သည် မည်ကဲ့သို့သိမြင်ဝေဖန်ပါသနည်း။

–၀–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**–––––––––––––––––––––––––––––

**လမ်းနှင့်အိမ်အမှတ်**–––––––––––––––––––––––

**မြို့**–––––––––––––––––––––––––––––––––

**နယ်**–––––––––––––––––––––––––––––––––

**ကိုးကွယ်သည့်ဘာသာ**–––––––––––––––––––––